dvbdebate.com facebook.com/dvb.debateTwitter@dvbdebate

**DVB TV timetable**

| | | | |
|---|---|---|---|
| Sun | 19:15 | 21:00 | night repeat |
| Mon | 10:15 | 15:15 | 21:00 |
| Wed | 10:15 | 15:15 | 21:00 |
| Fri | 10:15 | 15:15 | 21:00 |

"ဒီဗွီဘီ ဒီဘိတ်" အချေအတင် ဆွေးနွေးပွဲ အစီအစဉ်ကို DVB Multimedia Group က စနေနေ့တိုင်း တိုက်ရိုက် ရိုက်ကူးပြီး ဒီဗွီဘီရုပ်သံလိုင်းမှာ တစ်ဖက်ပါ အစီအစဉ်အတိုင်း ထုတ်လွှင့် တင်ဆက်ပါတယ်။

DVB Debate ဟာ မိမိတို့ရဲ့ အတွေးအမြင် အယူအဆတွေကို လွတ်လပ်စွာ သဘောကွဲလွဲနိုင်ဖို့၊ အပြန်အလှန် နားလည်မှုတွေကို တည်ဆောက်နိုင်ဖို့၊ မြန်မာ့အနာဂတ် ပိုမိုကောင်းမွန်လာစေဖို့၊ လူ့အဖွဲ့အစည်းအတွင်းမှာ ရှိနေတဲ့ ပြဿနာတွေကို အဖြေရှာနိုင်ဖို့၊ လူတိုင်းပါဝင်နိုင်ပြီး မတူကွဲပြားတာတွေကို လက်ခံပေးနိုင်ဖို့၊ အချေအတင်ဆွေးနွေးတဲ့ ယဉ်ကျေးမှုပေါ်ထွက်လာစေဖို့ ရည်ရွယ်ပါတယ်။

မီဒီယာတွေနဲ့ အသင်းအဖွဲ့တွေကိုလည်း အခုလို လွတ်လပ် ပွင့်လင်းတဲ့ ဒီဘိတ်ရဲ့ အချေအတင် ဆွေးနွေးပွဲမှာ ပါဝင်ဖို့ကို ဖိတ်ခေါ်ပါတယ်။ အပတ်စဉ် သတင်းထုတ်ပြန်ချက်များ၊ သတင်းဓာတ်ပုံများနဲ့ ဒီဘိတ် ကာတွန်းကို ရုပ်သံရိုက်ကူးပြီး မကြာခင်မှာပဲ ဒီဗွီဘီဒီဘိတ်ရဲ့ ဖေ့စ်ဘုတ် စာမျက်နှာနဲ့ ဝက်ဘ်ဆိုက်မှာ ကြည့်ရှုနိုင်ပါတယ်။ ပြည်တွင်းမှာ ပြုလုပ်မယ့် အချေအတင် ဆွေးနွေးတဲ့ ဒီဘိတ်တွေကို ပံ့ပိုးကူညီဖို့ DVB Debate မှာ ရန်ပုံငွေ ရှိပါတယ်လို့ အသိပေးလိုပါတယ်။

# DVB DEBATE

ယခုအပတ် ဆွေးနွေးပွဲအတွက် မေးခွန်းကတော့

*"How will Burma's Youth Vote?"*

ဖြစ်ပါတယ်။ (S5-12)

- ❖ မှတ်ချက်ပေးလိုတာ၊ အကြံပြုလိုတာနဲ့ မေးမြန်းလိုပါက ရုံးချိန်အတွင်း ဖုန်းနံပါတ် ၀၁ ၂၉၂၇၄၃ နဲ့ debate@dvb.no ကို ဆက်သွယ်ပြီး အဖွဲ့ဝင်တစ်ဦးဦးထံ မေးမြန်းနိုင်ပါတယ်။

**ဒီတစ်ပတ်မှာတော့ "လာမယ့်ရွေးကောက်ပွဲမှာ လူငယ်မဲဆန္ဒရှင်တွေ ဘယ်လိုမဲပေးဆုံးဖြတ်ကြမလဲ" ဆိုတဲ့ ဒီဘိတ်ကို ဆွေးနွေးကြမှာ ဖြစ်ပါတယ်။**

မြန်မာနိုင်ငံအတွက် ဒုတိယအကြိမ်မြောက်လို့ ဆိုနိုင်မယ့် ၂၀၁၅ ရွေးကောက်ပွဲကြီးက သိပ်မ ကြာတော့တဲ့ အချိန်မှာ ရောက်ရှိလာတော့မှာ ဖြစ်ပါတယ်။

ပထမအကြိမ် အတွေ့အကြုံရရှိလိုက်ပြီဖြစ်လို့ ရွေးကောက်ပွဲအပေါ် သိပ်မစိမ်းတော့တဲ့ မြန်မာနိုင်ငံက မဲဆန္ဒရှင်တွေအနေနဲ့ ရွေးကောက်ပွဲအပေါ် ဘယ်လောက်စိတ်ဝင်စားမှုရှိလာကြပြီး၊ ဘယ်လိုသဘောထားတွေ ရှိလာသလဲဆိုတာနဲ့ ကိုယ်စားလှယ်လောင်းတွေအပေါ် ဝေဖန် ဆုံးဖြတ်ရွေးချယ်နိုင်မှု ရေချိန်တွေကိုလည်း စောင့်ကြည့်နိုင်ကြမှာ ဖြစ်ပါတယ်။

လက်တွေ့အနေအထားမှာတော့ ၂၀၁၀ ရွေးကောက်ပွဲ ၊၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲတွေကို တွေ့ကြုံခဲ့ကြဖူး ပြီဖြစ်ပြီး အဲဒီရွေးကောက်ပွဲကနေ လွှတ်တော်အတွင်း ရောက်ရှိလာတဲ့ ပါတီ ကိုယ်စားလှယ်လောင်းတွေရဲ့ လုပ်ကိုင်ဆောင်ရွက်နိုင်မှု အတွေ့အကြုံတွေကိုလည်း တွေ့မြင် ပြီးကြပြီဖြစ်ပါတယ်။ ဒီအတွေ့အကြုံတွေနဲ့အတူ  အခု ၂၀၁၅ မှာ ပြုလုပ်မယ့် ရွေးကောက်ပွဲမှာ  ၂၀၁၀ ကထက် ပါတီတွေပိုပြီး ပါဝင်ကြမှု၊ မဲဆန္ဒရှင်တွေရဲ့ အတွေ့အကြုံရှိမှု စတဲ့အချက်တွေ ကွာခြားတဲ့အပြင် လူငယ်ကိုယ်စားလှယ်လောင်းတွေနဲ့ အမျိုးသမီးတွေရဲ့ ပါဝင်မှုနှုန်းအပေါ်လည်း  အာရုံစိုက်လာကြတာ တွေ့ရပါတယ်။

လက်ရှိရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ကြတဲ့ပါတီတွေထဲမှာ လူငယ်ကိုယ်စားလှယ်လောင်းတွေ ပါဝင်မှု များတယ်လို့ဆိုတဲ့NLD ပါတီမှာ အသက် ၃၅ နှစ်အောက်လူငယ် ၁၂ ရာခိုင်နှုန်း နဲ့ ၃၅ နှစ်ကနေ ၅၀ ကြား လူလတ်ပိုင်း ၄၈ ရာခိုင်နှုန်း ပါဝင်တယ်လို့ ဆိုပါတယ်။

မြန်မာပြည်ရဲ့အားသာချက်ကို ထောက်ပြတဲ့ တချို့ကတော့ မြန်မာပြည်မှာ လူငယ်အင်အားစု များခြင်း၊ သယံဇာတပေါခြင်း၊ ပထဝီမြေအနေအထား တည်နေရာ အချက်အချာကျခြင်း၊ပြည်ပ ရင်းနှီးမြှုပ်နှံသူတွေ စိတ်ဝင်စားကြတဲ့ ကဏ္ဍများစွာရှိနေခြင်း စတဲ့အချက်တွေ လို့ဆိုပါတယ်။ စာဖတ်မှုနှုန်း ကျဆင်းနေတဲ့ အနေအထားလို့ ဆိုနိုင်တဲ့ မြန်မာနိုင်ငံမှာ လူငယ်တွေကို အသိအ မှတ်ပြုမှုနည်းပြီး အတွေ့အကြုံရှိတဲ့ လူကြီးတွေကသာအုပ်စိုးမှုရှိတဲ့ အနေအထားကိုလည်း အများစုက အသိအမှတ်ပြု လက်ခံထားပါတယ်။

ပြီးခဲ့တဲ့ ၂၀၁၀ နဲ့ကြားဖြတ်ရွေးကောက်ပွဲတွေမှာ နယ်ဒေသတွေက လူငယ်အတော်များများရွေးကောက်ပွဲနဲ့ စိမ်းခဲ့သလို ဖွဲ့စည်းပုံအခြေခံ ဥပဒေနဲ့ပတ်သက်ပြီးလည်း သိရှိခြင်းမရှိတာ ကြောင့်  မဲပေးရန်စိတ်ဝင်စားသူ အတော်လေးနည်းခဲ့ပါတယ်။ အခုတစ်ကြိမ်ကျင်းပမယ့် ရွေးကောက်ပွဲမှာတော့ လူငယ်ကိုယ်စားလှယ်လောင်းတွေများစွာ ပါဝင်လာတာကြောင့် ရန်ကုန်လိုမြို့ကြီးတွေမှာသာမက နယ်ဒေသတွေမှာပါ ရွေးကောက်ပွဲအပေါ် လူငယ်မဲဆန္ဒရှင် တွေ ဘယ်လောက်စိတ်ဝင်စားမှုရှိပြီး ကိုယ်စားလှယ်လောင်းတွေ အပေါ် ဘယ်လောက်သိရှိပြီး ဘာတွေမျှော်လင့်လို့ လူငယ်မဲတွေ ဘယ်လောက်တိုးလာမလဲ ဆိုတာလည်း စိတ်ဝင်စားစရာ အချက်တစ်ခု ဖြစ်ပါတယ်။

ဒီတစ်ပတ် အောက်တိုဘာလ ၁၇ ရက်နေ့ ဒီဗွီဘီ ဒီဘိတ် တင်ဆက်မှုရဲ့ ပွဲ၁၀၀လည်း ဖြစ်တဲ့ အခုစီအစဉ်မှာ ပါတီတွေက လူငယ်ကိုယ်စားလှယ်လောင်းတွေနဲ့ အထက်ပါ ခေါင်းစဉ်အပေါ် ဆွေးနွေးတင်ဆက်ကြမှာ ဖြစ်ပါတယ်။

## သူတို့အမြင်

"အလွှာတိုင်းမှာက အားသာချက် ကိုယ်စီရှိကြတယ်။ လူကြီးတွေမှာမရှိတဲ့ လတ်ဆတ်တဲ့ အတွေးအခေါ်တို့ တက်တက်ကြွကြွလုပ်နိုင်တာတို့ အဲဒါမျိုးတွေက လူငယ်တွေမှာရှိတယ်။ အဲလိုပြောလို့ လူကြီးတွေက အသုံးမကျတာ မဟုတ်ဘူး။ လူကြီးတွေမှာလည်း အားသာချက် ရှိတာပဲ။ အတွေ့အကြုံများတာတို့ စဉ်းစားချင့်ချိန်တတ်တာတို့ပေါ့"

**ဦးနေဘုန်းလတ်** - အမျိုးသား ဒီမိုကရေစီပါတီ ကိုယ်စားလှယ်လောင်း

"ကျနော် ရွေးကောက်ပွဲဝင်ရတဲ့ အဓိက ရည်ရွယ်ချက်က ကျနော်တို့လူငယ်တွေဟာ ဒါမျိုး တိုင်းရေးပြည်ရေးနဲ့ ပတ်သက်ရင် စွမ်းဆောင်နိုင်တယ်။ စွမ်းဆောင်နိုင်တဲ့ အရည်အချင်း လည်းရှိတယ်။ စွမ်းဆောင်ဖို့ သတ္တိလည်း ရှိတယ်။ အဲဒါကို တတိုင်းပြည်လုံးကို သိစေချင်တယ်။ ဒီနေရာမှာ ကျနော်တို့ လူငယ်တွေရဲ့အစွမ်းသတ္တိကိုပြဖို့ အခွင့်အရေး ရလာပါပြီ။"

"လူကြီးတွေက သူတို့ဖြတ်သန်းလာတဲ့ နိုင်ငံရေး အတွေ့အကြုံတွေအရ သူတို့မှာ သူ့အုပ်စု ကိုယ့်အုပ်စု တွေ ရှိကြတယ်။ တချို့ဆိုလည်း ပါတီတခုတည်းမှာကို သူ့အုပ်စု ကိုယ့်အုပ်စု ဖြစ်နေကြတယ်။ ကျနော်တို့ လူငယ်တွေမှာက ဘာအခံမှမရှိလို့ ဘယ်ကိစ္စမဆို လွတ်လွတ်လပ်လပ် လုပ်ဆောင်နိုင်တယ်။ အဲဒါအားသာချက်ပဲ"

**ဦးသူရိန်ရွှေ** - တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ ကိုယ်စားလှယ်လောင်း

***Information links:***

www.burma.irrawaddy.org
www.Burmese.dvb.no
https://www.youtube.com/channel/UCH0tQh3CaE2Ek8IAJtgTwEA